# ပြည်တွင်းအိုးအိမ်မဲ့မှုများအပေါ်လမ်းညွှန်စည်းမျဉ်းများ

## နိဒါန်း – အတိုင်းအတာနယ်ပယ်နှင့်ကြံရွယ်ချက်

၁။ ဤလမ်းညွှန်စည်းမျဉ်းများသည် ကမ္ဘာအနှံ့တွင်ရှိကြသည့် ပြည်တွင်းအိုးအိမ်မဲ့သူများ၏ လိုအပ်ချက်အတိအကျများအား ထုတ်ဖော်ပြသထားပါသည်။ လူအများအား အတင်းအဓမ္မနေရာ ရွှေ့ပြောင်းမှုကို ကာကွယ်တားဆီးခြင်းနှင့်ဆက်စပ်သည့် ရပိုင်ခွင့်များနှင့်ကတိကဝတ်များအား ဤ စည်းမျဉ်းများက ထုတ်နုတ်ပြသထားသည့်အပြင် နေရာရွှေ့ပြောင်းမှုအချိန်အတောအတွင်း (သို့) ပြန်လည်ဝင်ရောက်အခြေချနေထိုင်သည့် အချိန်အတောအတွင်း ကာကွယ်ခြင်းနှင့်ထောက်ပံ့ခြင်း ရရှိရန်လည်း ထုတ်နုတ်ဖော်ပြထားပါသည်။

၂။ ဤစည်းမျဉ်းစည်းကမ်းများ၏ ကြံရွယ်ချက်များအတွက် ပြည်တွင်းအိုးအိမ်မဲ့သူများဆိုသည်မှာ လက်နက်နှင့်တိုက်ခိုက်ခြင်း၊ ပဋိပက္ခအားရှောင်ရှားရန် (သို့) ယေဘုယျအားဖြင့်အကြမ်းဖက်မှု အခြေအနေများမှကင်းလွတ်ရန် (သို့) လူ့အခွင့်အရေးချိုးဖောက်မှုများ(သို့)သဘာဝဘေးအန္တရာယ်(သို့)လူတို့ကြောင့်ပေါ်ပေါက်လာရသည့် ဘေးအန္တရာယ်များ၏ရလဒ်များမှသီးသန့်အားဖြင့် ရှောင်ရှားရန်အလို့ငှါ၊ အတင်းအဓမ္မ (သို့) ဥပဒေပြဋ္ဌာန်း၍ မိမိတို့နေအိမ်များမှ (သို့) မွေးရာဇာတိ မြေများမှ ထွက်ပြေးစွန့်ခွါခဲ့ရသော လူများ (သို့) လူအုပ်စုများကိုခေါ်ဆိုပါသည်။ ထိုပြင်အဆိုပါလူများတွင် နိုင်ငံတကာကအသိအမှတ်ပြုထားသည့် နိုင်ငံနယ်နိမိတ်ကိုဖြတ်ကျော်ပဲလာခဲ့ကြသူများ ဖြစ်ကြပါသည်။

၃။ ဤစည်းမျဉ်းများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့်လည်းကောင်း၊ နိုင်ငံတကာလူ သားချင်းစာနာထောက်ထားသည့်ဥပဒေများနှင့်လည်းကောင်း၊ ထင်ဟပ်ကိုက်ညီမှုရှိပါသည်။ ဤစည်းမျဉ်းများက အောက်ပါတို့အပေါ်လမ်းညွှန်များပံ့ပိုးပေးပါသည်—

(က) ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်တွင်းအိုးအိမ်မဲ့သူများနှင့်ဆိုင်သော ကိုယ်စားလှယ်တစ်ဦးက ယင်းအား လွှဲအပ်ပေးထားသည့် လုပ်ပိုင်ခွင့် (အာဏာ) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရွှေ့ပြောင်းမှုစသည့် ထူးခြားသောအဖြစ်အပျက်များနှင့်တွေ့ကြုံနေရသည့် နိုင်ငံများ၊

(ဂ) ပြည်တွင်းအိုးအိမ်မဲ့သူများနှင့်ဆက်သွယ်မှုရှိကြသည့် အာဏာပိုင်အဖွဲ့အစည်းအုပ်စုနှင့်ပုဂ္ဂိုလ်များအားလုံး၊

(ဃ) ပြည်တွင်းအိုးအိမ်မဲ့မှုအပေါ်ဆောင်ရွက်မှုများလုပ်ဆောင်နေကြသည့် အစိုးရချင်းနှင့်အစိုးရ မဟုတ်သောအဖွဲ့အစည်းများ။

၄။ ဤလမ်းညွှန်စည်းမျဉ်းများအားတတ်နိုင်သရွေ့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးအသုံးချသင့်ပါသည်။

## အပိုင်း (၁) အထွေထွေစည်းမျဉ်းများ

### စည်းမျဉ်း (၁)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူများသည် မိမိတို့နိုင်ငံအတွင်းနေထိုင်ကြသည့် အခြားသူများကဲ့သို့နိုင်ငံတကာနှင့်ပြည်တွင်းရှိဥပဒေများအရ တန်းတူမှုအပြည့်အဝဖြင့် တူညီသည့် အခွင့်အရေးများ လွတ်လပ်မှုများဖြင့် ပျော်ရွှင်ချမ်းမြေ့ကြရပါမည်။ ယင်းတို့၏ပြည်တွင်းအိုးအိမ်မဲ့မှုဖြစ်ရပ်အပေါ် မည်သည့် အခွင့်အရေးနှင့်လွတ်လပ်ခွင့်အားဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှုများ မရှိစေရပါ။

၂။ ဤစည်းမျဉ်းများသည် အထူးသဖြင့်မျိုးဖြုတ်သတ်ဖြတ်ခြင်း၊ လူသားချင်းစာနာမှုနှင့် စစ်ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတကာဥပဒေအရ ပုဂ္ဂလိကရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု အပေါ်/ဘက်လိုက်ဝင်ရောက်စွက်ဖက်ခြင်းမပြု (မျက်နှာလိုက်) မည်မဟုတ်ပါ။

## စည်းမျဉ်း (၂)

၁။ ဤစည်းမျဉ်းများအား ယင်းတို့၏တရားဝင်တည်ရှိနေသည်ဖြစ်စေ၊ မတည်ရှိနေသည်ဖြစ်စေ အာဏာပိုင်အားလုံး အဖွဲ့အားလုံးနှင့်လူပုဂ္ဂိုလ်တို့က သုံးသပ်ကြမည်ဖြစ်ပြီးထင်ထင်ရှားရှား မည်သည့်ဆန့်ကျင်မှုမျိုးမျှမပါဝင်ပဲ လက်တွေ့ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ဤစည်းမျဉ်းများအား သုံးသပ်ချက်များသည်ပါဝင်သည့်မည်သည့်အာဏာပိုင်မဆို မည်သည့်အုပ်စု (သို့) လူပုဂ္ဂိုလ်ကိုမဆို မိမိတို့၏တရားဝင်တည်ရှိနေမှုအား အကျိုးသက်ရောက်စေမည်မဟုတ်ပါ။

၂။ ဤစည်းမျဉ်းများသည် မည်သည့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆောင်ရွက်ချက်များ ချို့ယွင်းခြင်း (သို့) တင်းကြပ်စွာပိတ်ပင်ခြင်း (သို့) နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေ များလျော့ပါးခြင်း (သို့) ပြည်တွင်းဥပဒေအရလူပုဂ္ဂိုလ်များအပေါ် ပေးထားသည့်အခွင့်အရေးများ ချို့ယွင်းခြင်း စသည်ဖြင့်အဓိပ္ပါယ်ကောက်ယူမည်မဟုတ်ပါ။ သီးသန့်အခြေအနေအားဖြင့် ဤစည်းမျဉ်းများက အခြားနိုင်ငံများသို့ နိုင်ငံရေးခိုလှုံခွင့်ရှာဖွေတောင်းခံခြင်းအခွင့်အရေးအပေါ်မျက်နှာလိုက်မည်မဟုတ်ပါ။

## စည်းမျဉ်း (၃)

၁။ အမျိုးသားအာဏာပိုင်များသည် ယင်းတို့၏တရားစီရင်ပိုင်ခွင့်အာဏာအတွင်း ပြည်တွင်းအိုးအိမ်မဲ့သူများအပေါ် အကာအကွယ်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထားသည့် ကူညီပံ့ပိုးမှု များထောက်ပံ့ပေးရန် အခြေခံတာဝန်ဝတ္တရားများရှိကြသည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများတွင် ဤအာဏာပိုင်များထံမှ အကာအကွယ်ရရှိရန်နှင့် လူသားချင်း စာနာထောက်ထားသည့် ပံ့ပိုးမှုများတောင်းဆိုပိုင်ခွင့်ရှိကြသည်။ ဤသို့တောင်းဆိုမှုပြုသဖြင့် ယင်းတို့အပေါ်မတရားပြုမူခြင်း (သို့) အပြစ်ပေးခြင်းမပြုလုပ်ရ။

## စည်းမျဉ်း (၄)

၁။ ဤစည်းမျဉ်းများအား လူမျိုးနွယ်၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ယုံကြည်မှု (သို့) ကိုးကွယ်မှု၊ နိုင်ငံရေး (သို့) အခြားအယူအဆ၊ လူမျိုး၊ တိုင်းရင်းသားအုပ်စု (သို့) လူမှုအခြေခံ၊ တရား ဝင်မှု (သို့) လူမှုအဆင့်၊ အသက်မပြည့်သူ၊ ပိုင်ဆိုင်မှုပစ္စည်း၊ မွေးဖွားခြင်း (သို့) အခြားအလားတူ သတ်မှတ်ချက်များကဲ့သို့သောခွဲခြားဆက်ဆံမှုမျိုးမပြုဘဲ ကျင့်သုံးရမည်။

၂။ ကလေးငယ်များအထူးသဖြင့်အုပ်စုကွဲနေသောလူနည်းစုများ ကိုယ်ဝန်ဆောင်မိခင်များ ကလေးငယ်ရှိမိခင်များ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ မသန်မစွမ်းသူများနှင့် အသက်အရွယ်ကြီးရင့်သူ များစသည့်ပြည်တွင်းအိုးအိမ်မဲ့သူများသည် ယင်းတို့အခြေအနေအရ အကာအကွယ်နှင့်ပံ့ပိုးကူညီ မှုများရရှိရန်စာရင်းတွင် ထည့်သွင်းရမည့်အပြင် ယင်းတို့၏အထူးလိုအပ်ချက်များအားလည်း ထည့်သွင်း၍ဆောင်ရွက်ပေးရမည်။

# အပိုင်း (၂)
# အိုးအိမ်မဲ့မှုမှကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့်စည်းမျဉ်းများ

## စည်းမျဉ်း (၅)

လူ့အခွင့်အရေးနှင့်လူသားချင်းစာနာသည့်ဥပဒေအပါအဝင် နိုင်ငံတကာဥပဒေများအရ အာဏာပိုင်များနှင့် နိုင်ငံတကာတွင်လုပ်ငန်းဆောင်ရွက်နေကြသူများအားလုံးသည် အခြေအနေအရပ်ရပ်၌ မိမိတို့၏တာဝန်ဝတ္တရားများကို သေချာစွာလေးစားကြရမည်။ သို့မှသာအဆိုပါလေးစားမှုက အိုးအိမ်မဲ့သူများအဖြစ် ဦးတည်စေခြင်းအခြေအနေများအား ရှောင်ရှားကာကွယ်ပေးနိုင်ပါမည်။

## စည်းမျဉ်း (၆)

၁။ လူသားတိုင်းတွင် မိမိတို့၏မွေးရာဇာတိ (သို့) အိုးအိမ်များမှ ဆင်ခြင်မှုကင်းမဲ့စွာ စွန့်ခွာရစေမည့်အခြေအနေတို့မှ ကာကွယ်ပေးရန်အခွင့်အလမ်းရှိကြပါသည်။

၂။ ဆင်ခြင်မှုကင်းမဲ့စွာအိုးအိမ်စွန့်ခွာရမှုအားတားဆီးရာ၌ အောက်ပါအိုးအိမ်စွန့်ခွာရမှုများပါဝင်ကြပါသည်။

(က) လူမျိုးအလိုက်ခွဲခြားသုတ်သင်ခြင်း (သို့) အလားတူလူမျိုးစုပြောင်းလွဲခြင်း လူမျိုးစုအရယုံ ကြည်ကိုးကွယ်မှုပြောင်းစေခြင်းစသည့်လူဦးရေအားထိခိုက်ပြောင်းလဲစေသည့် မူဝါဒများအပေါ်အခြေခံဖြစ်ပေါ်ခြင်း၊

(ခ) စစ်ရေးအခြေအနေအပေါ်မလွှဲမရှောင်နိုင်သောလိုအပ်ချက် (သို့) ပါဝင်သည့်အရပ်သားများ၏ လုံခြုံရေးအခြေအနေမပေးနိုင်ခြင်းစသည့်လက်နက်ကိုင်ပဋိပက္ခအခြေအနေဖြစ်ပေါ်နေခြင်း၊

(ဂ) ပြည်သူတို့၏ဆန္ဒကိုလျစ်လျူရှု၍အကြီးစားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပေါ်ဆောင်ခြင်း၊

(ဃ) ဘေးကင်းမှုနှင့်ကျန်းမာရေးအရ ထိခိုက်မှုတို့အပေါ် အကျိုးသက်ရောက်စေမည့် ဘေးအန္တရာယ်များကြောင့် လိုအပ်ချက်အရရွှေ့ခွာခဲ့ကြခြင်း၊

(င) တစုတစည်းတည်းအပြစ်ပေးအရေးယူမှုအဖြစ်အသုံးပြုခြင်းတို့ဖြစ်ကြပါသည်။

## စည်းမျဉ်း (၇)

၁။ လူများအိုးအိမ်စွန့်ခွာရမှုအတွက်လိုအပ်သည့်ယခင်က ပြုလုပ်ခဲ့သောမည်သည့်ဆုံးဖြတ်ချက်မျိုးအပေါ် မဆိုသက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် လူတစုတဝေးတည်းအိုးအိမ်စွန့်ခွာရမှုမျိုးအား ရှောင်ရှားနိုင်ရန်အလို့ငှါ ဖြစ်နိုင်ဘွယ်ရာအစားထိုးပြောင်းလဲဆောင်ရွက်မှုများအားလုံးအပေါ် သေချာစွာစဉ်းစားဆောင်ရွက်ရပါမည်။ အစားထိုးပြုပြင်ပြောင်းလွဲမှုမျိုးမရှိသည့်အခါ၌ အိုးအိမ်စွန့်ခွာရမှုများအား နည်းသည်ထက်နည်းသွားစေရန်နှင့် အကျိုးသက်ရောက်မှုများလျော့ပါးသွားစေနိုင်မည့် ဆောင်ရွက်မှုများအားထည့်သွင်းစဉ်းစားကြရပါမည်။

၂။ အာဏာပိုင်များသည် နေရာရွှေ့ပြောင်းခြင်းများအားလုပ်ဆောင်ကြရာ၌ လက်တွေ့အကျဆုံးဖြစ်စေရန် ဤအိုးအိမ်စွန့်ခွာရသူများအတွက် သင့်လျော်မည့်နေထိုင်စရာအဆောက်အဦများအားသေချာစွာပံ့ပိုးပေးကြရမည်။ ဤအိုးအိမ်စွန့်ခွါရမှုမျိုးကဲ့သို့သောအခြေအနေ၌ လုံခြုံမှု၊ အာဟာရပြည့်ဝမှု၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပံ့ပိုးမှုများစသည့် စိတ်ကျေနပ်ဖွယ်ရာအခြေအနေများအား ခံစားစေရမည်။ ထို့ပြင်မိသားစုများကွဲကွာနေရခြင်းမျိုးမဖြစ်ပေါ်စေရ။

၃။ အကယ်၍လက်နက်ကိုင်ပဋိပက္ခနှင့် ဘေးအန္တရာယ်မှအပအခြားအရေးပေါ်အခြေအနေကာလအတွင်း၌ နေရာရွှေ့ပြောင်းမှုများဖြစ်ပွားလာပါက အောက်ပါအာမှတ်ခံချက်ပေးမှုများအား လိုက်နာဆောင်ရွက်ရန်လိုအပ်ပါမည်။

(က) ဤကိစ္စရပ်များအားအမိန့်ပေးဆောင်ရွက်ရန် ဥပဒေအရအမိန့်အာဏာပေးအပ်ထားသည့် အစိုးရအာဏာပိုင်ကသာ တိကျသောဆုံးဖြတ်ချက်များချမှတ်ကျင့်သုံးရပါမည်။

(ခ) အိုးအိမ်ရွှေ့ပြောင်းခံရသူများအတွက် အာမခံချက်ပေးထားသည့် လုံလောက်သောဆောင်ရွက်ချက်များအား မည်သည့်နေရာသို့ပြောင်းရွှေ့ပေးမည် နစ်နာကြေးကိစ္စများရှိနိုင်မည့်နေရာ စသည့် အကြောင်းပြချက်နှင့်ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် အပြည့်အစုံအား ဆောင်ရွက်ပေးထားရပါမည်။

(ဂ) အိုးအိမ်ရွှေ့ပြောင်းမည့်သူများ၏ လွတ်လပ်စွာထုတ်ဖေါ်ပြောပြသည့် ကြေနပ်သဘောတူညီ ချက်အားရရှိထားရမည်။

(ဃ) အိုးအိမ်ရွှေ့ပြောင်းမှုအတွက် စီမံချက်ချမှတ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတို့ ဆောင်ရွက်ရာ၌ အကျိုးသက်ရောက်စေမည့်သူများ အထူးသဖြင့်အမျိုးသမီးတို့၏ ပါဝင်မှုရရှိရေးအတွက်သက်ဆိုင်ရာအာဏာပိုင်တို့က အထူးကြိုးပမ်းဆောင်ရွက်ပေးရပါမည်။

(င) လိုအပ်သည့်နေရာ၌ ဥပဒေအရဖိအားပေးဆောင်ရွက်မှုမျိုးကို စွမ်းရည်ရှိသောတရားဝင် အာဏာပိုင်တို့က ဖေါ်ဆောင်ပေးရပါမည်။

(စ) ပြန်လှန်သုံးသပ်ခြင်းအပါအဝင် ဆီလျော်သည့်တရားရေးဆိုင်ရာအာဏာပိုင်တို့က ပြုလုပ်သော ဆုံးဖြတ်ချက်မျိုးအား ထိရောက်သောပြုပြင်မှုနှင့် ရပိုင်ခွင့်အဖြစ်အလေးအမြတ်ပြုရမည်ဖြစ်ပါသည်။

## စည်းမျဉ်း (၈)

အိုးအိမ်ရွှေ့ပြောင်းမှုကို အသက်စည်းစိမ်၊ ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့်အကျိုးသက်ရောက်စေမည့် လုံခြုံမှုအခွင့်အလမ်းတို့အပေါ် အကြမ်းဖက်ဆောင်ရွက်မှုအရပေါ် ဆောင်ခြင်းမပြုရပါ။

## စည်းမျဉ်း (၉)

ဌါနေတိုင်းရင်းသားများ၊ လူနည်းစုများ၊ လယ်သမားများ၊ ကျေးလက်ဒေသနှင့်စပ်လျဉ်းသူများ၊ အခြားသူများစသည့် ယင်းတို့၏မြေယာအပေါ် အထူးမှီခိုနေကြသူများ၊ တွယ်တာကြသူများအား အိုးအိမ်ရွှေ့ပြောင်းခံရခြင်းအပေါ်ကာကွယ်ပေးရန် နိုင်ငံတော်အစိုးရသည်သီးသန့်တာဝန်ရှိသည်။

## အပိုင်း (၃)
## အိုးအိမ်ရွှေ့ပြောင်းခံရချိန်အတွင်းကာကွယ်မှုနှင့်စပ်လျဉ်းသည့်စည်းမျဉ်းများ

## စည်းမျဉ်း (၁၀)

၁။ လူသားတိုင်းသည် ဥပဒေအရကာကွယ်ပေးထားသည့် မွေးရာပါအခွင့်အရေးများရှိကြပါသည်။ မည်သူ့ကိုမျှ သူတို့၏ဘဝကိုဆင်ခြင်းကင်းမဲ့စွာဆုံးရှုံးစေနိုင်ပါ။ ဒေသတွင်းအိုးအိမ်မဲ့သူများအား အောက်ပါအချက်တို့မှ အထူးသဖြင့်ကာကွယ်ပေးထားရမည်—
(က) မျိုးဖြုတ်သတ်ဖြတ်ခြင်း
(ခ) လူသတ်ခြင်း
(ဂ) အကျဉ်းရုံး၍ သို့မဟုတ် ဆင်ခြင်းမှုကင်းမဲ့စွာအဆုံးစီရင်ခြင်းနှင့်
(ဃ) အတင်းအဓမ္မအစဖျောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မျက်ကွယ်၍အချုပ်ချထားခြင်း၊ ခြိမ်းခြောက်ခြင်း (သို့) သေစေသည်အထိပြုမူခြင်းတို့ဖြစ်ပါသည်။

ဤသို့ဆက်လက်ဆောင်ရွက်မည့်မည်သည့်ပြုမှုမျိုးကိုမဆိုဆောင်ရွက်ရန်၊ ခြိမ်းခြောက်အားပေးအားမြှောက်ပြုခြင်းများအား တားဆီးပိတ်ပင်ပါသည်။

(၂) စစ်ပြုမှုနှင့်မပတ်သက်သည့် ပြည်တွင်းအိုးအိမ်မဲ့သူများအပေါ် တိုက်ခိုက်ခြင်း (သို့) အခြားအကြမ်းဖက်မှုများအား မည်သည့်အခြေအနေအရပ်ရပ်တွင်မဆို တားဆီးပိတ်ပင်သည်။ အထူးသဖြင့်အောက်ပါအချက်အလက်များ၌ ပြည်တွင်းအိုးအိမ်မဲ့သူများအားကာကွယ်ပေးရမည်—
(က) အရပ်သားများနေထိုင်ရာနေရာများအားတိုက်ခိုက်မှုအပါအဝင် တိုက်ရိုက်ဖြစ်စေ၊ ရန်လိုမှုမပါ ပဲနှင့် ဖြစ်စေတိုက်ခိုက်မှုများ (သို့) အခြားအကြမ်းဖက်မှုများအားခွင့်ပြုခြင်း။
(ခ) စစ်ဆင်မှုအသွင်တရပ်ကဲ့သို့အစာရေစာငတ်မွတ်စေခြင်း။
(ဂ) တိုက်ခိုက်မှုကင်းလွတ်ရန် စစ်ရေးရည်မှန်းချက်အဖြစ် ဒိုင်းသဖွယ်အသုံးပြုခြင်း၊ စစ်ဆင်ရေးများ ၌အခက်အခဲဖြစ်စေရန် ဒိုင်းအဖြစ်အသုံးချခြင်း၊
(ဃ) ယင်းတို့၏စခန်းများ (သို့) အခြေချနေထိုင်ရာဒေသများအားတိုက်ခိုက်ခြင်း။
(င) မိုင်းဗုံးကရိယာများအသုံးပြုခြင်း။

## စည်းမျဉ်း (၁၁)

၁။ လူသားတိုင်းသည် မိမိ၏ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ဂုဏ်သိက္ခာရှိနိုင်စေရန် အခွင့်အရေးရှိသည်။
၂။ ပြည်တွင်းအိုးအိမ်မဲ့သူများသည် မိမိတို့၏လွတ်လပ်ခွင့်အားထိန်းချုပ်ထားသည်ဖြစ်စေ၊ မထိန်းချုပ်သည်ဖြစ်စေ၊ အောက်ပါတို့နှင့်စပ်လျဉ်း၍ကာကွယ်တားဆီးပေးရမည်—

(က) မုဒိမ်းကျင့်ခြင်း၊ အင်္ဂါချို့ယွင်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း၊ လူသားမဆန်စွာ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေခြင်း (သို့) အပြစ်ပေးခြင်းနှင့် အခြားသောပုဂ္ဂလိကဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့် လိင်ခွဲခြား၍ကြမ်းတမ်းစွာဆက်ဆံခြင်း၊ အတင်းအဓမ္မပြည့်တန်ဆာအဖြစ်သွတ်သွင်းခြင်းနှင့် မည်သည့်မဖွယ်မရာဆက်ဆံခြင်းမျိုးကဲ့သို့သော လုပ်ဆောင်ချက်များ၊
(ခ) လက်ထပ်ရန်ရောင်းချခြင်း၊ လိင်ခေါင်းပုံဖြတ်ခြင်း (သို့) ကလေးများအားအတင်းအဓမ္မအလုပ်စေခိုင်းခြင်းကဲ့သို့သောကျွန်ပြုမှု (သို့) ကျွန်အဖြစ်ရောက်စေမည့် မည်သည့်ကြိုးပမ်းမှုမျိုးမဆို၊
(ဂ) ပြည်တွင်းအိုးအိမ်မဲ့သူများအတွင်း အကြောက်တရားပြန့်နှံ့စေရန်ရည်ရွယ်၍အကြမ်းဖက်အပြုအမူများ၊
(ဃ) အထက်ပါအမှုမျိုးအကျိုးသက်ရောက်စေမည့် ပြုမှုမျိုးကျူးလွန်ရန်ခြိမ်းခြောက်ခြင်းမျိုးအား တားဆီးရပါမည်။

## စည်းမျဉ်း (၁၂)

၁။ လူတိုင်းတွင် လူသားတို့၏လွတ်လပ်ခွင့်နှင့်လုံခြုံမှုတို့အတွက် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ မည်သူမျှဆင်ခြင်ကင်းမဲ့စွာဖမ်းဆီးခြင်း (သို့) အကျယ်ချုပ်ချထားခြင်းမဖြစ်စေရ။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများအား ဤအခွင့်အလမ်းအတွက် အကျိုးရှိစေရန်အလို့ငှါ စခန်းတခုအတွင်း ခြေချုပ်ဖြင့်ထားရှိခြင်းမပြုရ။ ဤသို့ခြေချုပ်အဖြစ်ထားရှိရန် ချွင်းချက်အဖြစ် အခြေအနေဖြစ်ပေါ်လာပါက အခြေအနေအရလိုအပ်သည်ထက်ပို၍ အချိန်ကြာစွာမထားရှိရပါ။

၃။ ပြည်တွင်းအိုးအိမ်မဲ့သူများအား ယင်းသို့ဖြစ်ရခြင်း၏ရလာဒ်အဖြစ်အကြောင်းမတရားကျယ်ချုပ်ချထားခြင်း ဖမ်းဆီးခြင်းတို့မှကာကွယ်ပေးရမည်။

၄။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းအိုးအိမ်မဲ့သူများအား ဓားစာခံအဖြစ်မပြုရ။

## စည်းမျဉ်း (၁၃)

၁။ မည်သည့်အခြေအနေတွင်မဆို အိုးအိမ်မဲ့ကလေးများအား ရန်ပြုမှု (စစ်ရေး) နှင့်ပတ်သက်၍ စုဆောင်းခြင်း၊ လိုအပ်ခြင်းနှင့်ပါဝင်စေခြင်းမပြုရ။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများအား လက်နက်ကိုင်အဖွဲ့အစည်းနှင့်အုပ်စုများ၌ ပါဝင်စေရန်ခွဲခြား သိမ်းသွင်းခြင်းမပြုရ။ ယင်းတို့၏အိုးအိမ်မဲ့မှုအပေါ် သီးသန့်အားဖြင့်မည်သည့်ရက်စက်မှုမဆို မည်သည့်လူသားမဆန်သော (သို့) ဂုဏ်သိက္ခာညှိုးငယ်စေသောပြုမှုမျိုးကိုမဆို လိုက်နာသည်ဖြစ်စေ၊ မလိုက်နာ၍အပြစ်ပေးသည်ဖြစ်စေ၊ မည်သည့်အခြေအနေမျိုး၌မဆို တားဆီးထားသည်။

## စည်းမျဉ်း (၁၄)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူတိုင်း၌ ရွှေ့ပြောင်းရာ၌လွတ်လပ်မှုနှင့် နေထိုင်ရာအရပ်အား လွတ်လပ် စွာရွေးချယ်ခွင့် အခွင့်အရေးရှိသည်။

၂။ သီးသန့်အားဖြင့် ပြည်တွင်းအိုးအိမ်မဲ့သူများသည် နေထိုင်ရာနေရာ (သို့) စခန်းအတွင်းနှင့်ပြင်ပသို့လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အခွင့်အရေးရှိကြသည်။

## စည်းမျဉ်း (၁၅)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူများ၌—
(က) နိုင်ငံ၏အခြားဒေသ၌ ဘေးကင်းရန်အရပ်ရှာဖွေခွင့်ရှိသည်။
(ခ) ယင်းတို့၏နိုင်ငံမှ ထွက်ခွာခွင့်ရှိသည်။
(ဂ) အခြားနိုင်ငံ၌နိုင်ငံရေးခိုလှုံခွင့်တောင်းဆိုခွင့်ရှိသည်။

(ဃ)အတင်းအဓမ္မပြန်နိုင်းမှု (သို့) ဘာ၊ ဘဝလုံခြုံမှု၊ လွတ်လပ်မှု (သို့) ကျန်းမာမှုတို့တွင်အန္တရာယ်ရှိရမည့် မည်သည့်နေရာတွင်မဆို နေထိုင်စေခြင်းမှ ကာကွယ်ခံယူနိုင်ခွင့်ရှိသည်။

## စည်းမျဉ်း (၁၆)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူများအားလုံးသည် ပျောက်ဆုံးနေသည့်ဆွေမျိုးများ၏ ကံကြမ္မာနှင့်ရှိရာ နေရာများအားသိရှိနိုင်ခွင့်ရှိသည်။

၂။ သက်ဆိုင်ရာအာဏာပိုင်များသည် ပျောက်ဆုံးနေသည်ဟု သတင်းရှိသည့်ပြည်တွင်းအိုးအိမ်မဲ့သူများ၏ ကံကြမ္မာနှင့်ရှိနေသည့် နေရာများအားသိရှိရန် ကြိုးပမ်းအားထုတ်ရမည့်အပြင် ဤဆောင်ရွက်မှုတွင် သင့်လျော်သည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ မည်သည့်တွေ့ရှိချက်ကိုမဆို စုံစမ်းရရှိသမျှတိုးတက်မှုများအားအနီးစပ်ဆုံးဆွေမျိုးများထံသတင်းပေးပို့ရမည်။

၃။ သက်ဆိုင်ရာအာဏာပိုင်များသည် ကွယ်လွန်သူ၏ရုပ်ကြွင်းများအား စိစစ်ခွဲခြားရာ၌ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတို့မပျက်စီးရန်တားဆီးကာကွယ်ရမည်။ ရုပ်ကြွင်းအားအနီးစပ်ဆုံး ဆွေမျိုးများထံပေးပို့ရာ၌ ပြေပြစ်ချောမောစေရန် ဆောင်ရွက်ပေးရမည့်အပြင် (သို့) ပေးပို့၍မဖြစ်ပါက ယင်းတို့အား လေးစားစွာမြှင့်သင်္ဂြိုဟ်ပေးရမည်။

၄။ ပြည်တွင်းအိုးအိမ်မဲ့သူများ၏ သင်္ချိုင်းမြေနေရာအားကာကွယ်ထားရမည့်အပြင် မည်သည့်အခြေအနေ၌မဆို လေးစားမှုပြုရမည်။ ပြည်တွင်းအိုးအိမ်မဲ့သူများ၌ မိမိတို့၏ ကွယ်လွန်သွားသော ဆွေမျိုးများ၏ သင်္ချိုင်းမြေနေရာများသို့ဝင်ရောက်နိုင်ခွင့်ရှိရမည်။

## စည်းမျဉ်း (၁၇)

၁။ လူသားတိုင်း၌ မိမိတို့မိသားစုဘဝများကို သူတပါး၏လေးစားခံပိုင်ခွင့်ရှိသည်။

၂။ ဤအခွင့်အရေးအား ပြည်တွင်းအိုးအိမ်မဲ့သူတို့အကျိုးရှိစွာအသုံးချစေရန် အတူတကွပြန်လည်နေထိုင်လိုသည့်ဆန္ဒရှိသော မိသားစုဝင်များသည် ဤသို့နေထိုင်ရန်ခွင့်ပြုပေးရမည်။

၃။ နေရာပြောင်းရွှေ့မှုကြောင့်တကွဲတပြားဖြစ်နေကြသည့် မိသားစုများအား ဖြစ်နိုင်သရွေ့မြန်မြန်ပြန်လည်၍ တစုတစည်းတည်းဖြစ်စေရန်ဆောင်ရွက်ရမည်။ အထူးသဖြင့်ကလေးငယ်များပါဝင်နေပါက ဤမိသားစုများပြန်လည်စုစည်းနေထိုင်နိုင်ရန် သင့်လျော်သည့်ဆောင်ရွက်ချက်အားလုံးအား မဆိုင်းမတွလုပ်ဆောင်ပေးရမည်။ သက်ဆိုင်ရာအာဏာပိုင်တို့က မိသားစုဝင်များအား စုံစမ်းရာ၌ ချောမောစွာဆောင်ရွက်နိုင်ရန်စီစဉ်ပေးရမည့်အပြင် မိသားစုပြန်လည်စုစည်းနေထိုင်ခြင်းလုပ်ငန်း၌ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများနှင့်ဆက်စပ်၍ပူးပေါင်းဆောင်ရွက်ရမည်။

၄။ ပုဂ္ဂလိကလွတ်လပ်မှုအား စခန်းများအတွင်းချုပ်ချယ်ခံနေကြရသည့် ပြည်တွင်းအိုးအိမ်မဲ့သူမိသားစုဝင်များအား အတူတကွပြန်ထားရှိနိုင်ခွင့်ရှိသည်။

## စည်းမျဉ်း (၁၈)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူများအားလုံး၌ သင့်တင့်မျှတသောလူနေမှုအဆင့်အတန်းရှိရန်အခွင့်အရေးရှိသည်။

၂။ ဆောင်ရွက်နိုင်စွမ်းရှိသည့်အာဏာပိုင်များသည် အခြေအနေအပေါ်သက်ဆိုင်မှုမရှိဘဲ ခွဲခြားမှုလည်းမထားဘဲ ပြည်တွင်းအိုးအိမ်မဲ့သူများအား အောက်ပါလုံခြုံစိတ်ချရမှုတို့ကို အနည်းဆုံးထား၍ ဆောင်ရွက်ပေးကြရမည်—

(က) မရှိမဖြစ်လိုအပ်သည့်အစားအစာနှင့်သောက်သုံးနိုင်သောရေ၊
(ခ) အခြေခံနားခိုရန်နေရာနှင့်အိုးအိမ်၊
(ဂ) သင့်လျော်သည့်အဝတ်အစားများနှင့်၊
(ဃ) မရှိမဖြစ်လိုအပ်သည့် ဆေးကုသမှုလုပ်ငန်းနှင့်သန့်ရှင်းရေးလုပ်ငန်းတို့ဖြစ်ကြသည်။

၃။ ဤအခြေခံပံ့ပိုးမှုများအတွက် စီစဉ်ခြင်းဖြန့်ဝေခြင်းလုပ်ငန်းတို့တွင် အမျိုးသမီး
ပါအဝင် အပြည့်အဝပါဝင်ဆောင်ရွက်မှုသေချာစေရန် အထူးကြိုးပမ်းမှုများပြုလုပ်

## စည်းမျဉ်း (၁၉)

၁။ ဒဏ်ရာရသည့် ဖျားနာနေသည့်ပြည်တွင်းအိုးအိမ်မဲ့သူများ အထူးသဖြင့်မသ
ဖြစ်နေသူများအား နှောင့်နှေးကြန့်ကြာမှုအနည်းဆုံးဖြင့် ဆေးဝါးကုသမှုအပြ
စားနိုင်ခွင့်ပေးကြရမည်။ ဆေးဝါးကုသမှုအပြင်အခြားမည်သည့်ထောက်ပံ့မှုကို
အပ်ရမည်။ လိုအပ်လာပါက စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးပိုင်းဆိုင်ရာ ထမ်းဆောင်
စားရရှိစေနိုင်ရမည်။
၂။ ကျန်းမာမှုပြုစုစောင့်ရှောက်မှုမျိုးအပြင် အမျိုးသမီးကျန်းမာရေးဝန်ထမ်းပါ
ရန်နှင့်အမျိုး သမီးအိမ်ထောင်ရေးခွင့်ဆိုင်သောအကြံဉာဏ်များ ပေးပြီးလိင်နှင့်ဆို
အကြမ်းဖက်မှုမျိုးတွင် စောင့်ရှောက်ကူညီပေးရန်။

၃။ ပြည်တွင်းအိုးအိမ်မဲ့သူများအတွင်း ကိုယ်ခံအားကျဆင်းမှု AIDS အပါအဝင်
ရောဂါများမှ ကာကွယ်ရန်အထူးဆောင်ရွက်ချက်များပေးအပ်ရမည်။

## စည်းမျဉ်း (၂၀)

၁။ လူသားတိုင်းအား ဥပဒေရှေ့မှောက်၌ မည်သည့်အခါတွင်မဆို လူသားအဖြ
အမှတ်ပြု ပေးရမည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများ ဤအခွင့်အရေးထိရောက်စွာခံစားနိုင်စေရန်အလို့ငှာ သက်ဆိုင်ရာ အာဏာပိုင်တို့က နိုင်ငံကူးလက်မှတ် ပုဂ္ဂလိကအသိအမှတ်ပြုစာရွက်စာတမ်းများ မွေးဖွားလက်မှတ်နှင့်လက်ထပ်စာချုပ်တို့ကဲ့သို့သော တရားဝင်အခွင့်အလမ်းများအား လုံခြုံစိတ်ချရမှုရှိစေရန် ပြုလုပ်ဆောင်ရွက်ပေးကြရမည်။ အထူးအားဖြင့်အသစ်အထောက်အထားဖြစ်စေ၊ ပြောင်းရွှေ့မှုကြောင့် အထောက်အထားများပျောက်ဆုံးခဲ့သည်ဖြစ်စေ၊ မွေးရာဇာတိသို့ပြန်လည်ပြောင်းရွှေ့ရာ၌ လိုအပ်သည့်အထောက်အထားများရရှိနိုင်စေရန်ဖြစ်စေ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် အဆိုပါစာရွက်စာတမ်းအထောက်အထားများ ချောမောပြေပြစ်စွာရရှိနိုင်စေရန် ဆောင်ရွက်ပေးကြရမည်။

၃။ လိုအပ်သည့်အထောက်အထားရရှိမှု၌ အမျိုးသမီးများနှင့် အမျိုးသားများသည်တန်းတူရပိုင်ခွင့်ရှိပြီး ယင်းတို့၏အမည်ရင်းဖြင့် အဆိုပါအထောက်အထားများ ရပိုင်ခွင့်လည်းရှိပါသည်။

## စည်းမျဉ်း (၂၁)

၁။ မည်သူမျှ ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများအား ဆင်ခြင်ကင်းမဲ့စွာသိမ်းဆည်းခြင်းမပြုရ။

၂။ မည်သည့်အခြေအနေ၌မဆို ပြည်တွင်းအိုးအိမ်မဲ့သူများ၏ ပိုင်ဆိုင်ပစ္စည်းများအား ကာကွယ်ပေးရမည်။ အထူးသဖြင့်အောက်ပါပြုမူမှုမျိုးမှ ကာကွယ်ပေးရမည်—
(က) တိုက်ဖျက်လုယက်ခြင်း။
(ခ) တိုက်ရိုက် (သို့) သွယ်ဝိုက်နည်းဖြင့်တိုက်ခြင်း (သို့) မည်သည့်နည်းနှင့်မဆိုတိုက်ခိုက်ခြင်း၊
(ဂ) စစ်ရေးဆောင်ရွက်မှုများ၌ဒိုင်း (အကာအကွယ်) အဖြစ်အသုံးချခြင်း၊
(ဃ) ရန်တုံ့ပြန်လက်စားချေမှုပြစ်မှတ်အဖြစ်သတ်မှတ်ခြင်း၊
(င) စုပေါင်းအပြစ်ပေးမှုပုံစံကဲ့သို့သတ်မှတ်ချေမှုန်းခြင်း။

၃။ ပြည်တွင်းအိုးအိမ်မဲ့သူတို့ ကျန်ရစ်ခဲ့သည့်ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ဆင်ခြင်း

ကင်းမဲ့စွာ တရားမဝင်သိမ်းပိုက်ခြင်း အသုံးချခြင်းတို့မှကာကွယ်ပေးရမည်။

## စည်းမျဉ်း (၂၂)

၁။ ပြည်တွင်းအိုးအိမ်မဲ့သူများသည် စခန်းများအတွင်း၌ နေထိုင်ကြသည်ဖြစ်စေ၊ မနေထိုင်ကြသည်ဖြစ်စေ၊ ယင်းတို့၏နေထိုင်ရွှေ့ပြောင်းရမှုရလဒ်အပေါ် အောက်ပါရပိုင်ခွင့်များအရ ခွဲခြားဆက်ဆံမှုမပြုလုပ်ရ—

(က) တွေးခေါ်မှုယုံကြည်ချက်၊ ယုံကြည်ကိုးကွယ်မှု၊ အယူအဆနှင့်ဖွင့်ဟပြောဆိုမှုလွတ်လပ်ခွင့်၊

(ခ) အလုပ်အကိုင်ရှာဖွေရာ၌ လွတ်လပ်သည့်အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာဆောင်ရွက်မှုနှင့် ပါဝင်ဆောင်ရွက်ခွင့်၊

(ဂ) လူမှုအဖွဲ့အစည်းကိစ္စရပ်များ၌ တန်းတူလွတ်လပ်စွာ ပါဝင်နိုင်ခွင့်နှင့်ပူးပေါင်းဆောင်ရွက်နိုင်ခွင့်၊

(ဃ) အစိုးရနှင့်ပြည်သူ့ဆိုင်ရာကိစ္စရပ်များ၌ ပါဝင်မဲပေးနိုင်ခွင့်နှင့် ဤရပိုင်ခွင့်အပေါ်ပါဝင်ခွင့်နှင့် အလေ့အကျင့်ရရှိမှုဆိုင်ရာအခွင့်အရေး၊

(င) ယင်းတို့နားလည်သည့်ဘာသာစကားတရပ်ဖြင့် ဆက်ဆံပေါင်းသင်းနိုင်ခွင့်။

## စည်းမျဉ်း (၂၃)

၁။ လူတိုင်းပညာသင်ကြားနိုင်ခွင့်ရှိသည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများ ဤအခွင့်အရေးခံစားနိုင်စေရန်အလို့ငှါ သက်ဆိုင်ရာအာဏာပိုင်တို့က အစိုးပါမှုကိုလ်များ အထူးသဖြင့်နေရာရွှေ့ပြောင်းခံရသည့် ကလေးငယ်များအား အခြေခံအဆင့်ပညာရေးကို အခမဲ့မသင်မနေရအဖြစ်သတ်မှတ်ဆောင်ရွက်ပေးရမည်။ ပညာရေးသည်ယင်းတို့၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်မှုအပေါ်လေးစားမှုရှိရမည်။

၃။ ပညာရေးအစီအစဉ်များ၌ အမျိုးသမီးကြီးငယ်မဆို အပြည့်အဝတန်းတူပါဝင်ဆောင်ရွက်နိုင်စေရန် အထူးဆောင်ရွက်မှုရှိသည့်နည်းလမ်းများအား အသေအချာကျင့်သုံးရမည်။

၄။ အထူးသဖြင့်လူလားမြောက်စအရွယ်နှင့်အမျိုးသမီးများအား စခန်းတွင်း၌နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ ပြည်တွင်းအိုးအိမ်မဲ့သူများအတွက် ပညာရေးနှင့်သင်တန်းကူညီပံ့ပိုးပေးမှုများ ရရှိနိုင်စေရန် အခြေအနေပေးအပ်လျှင်ပေးအပ်ခြင်းဆောင်ရွက်ပေးရမည်။

# အပိုင်း (၄)
# လူသားချင်းစာနာထောက်ထားမှုပံ့ပိုးကူညီမှုများနှင့်စပ်လျဉ်းသည့်စည်းမျဉ်းများ

## စည်းမျဉ်း (၂၄)

၁။ လူသားချင်းစာနာထောက်ထားသည့်ပံ့ပိုးမှုများအား လူသားအပေါ်သနား။ ကရုဏာထားမှု စည်းမျဉ်းများဖြစ်စေ၊ တစိတ်တပိုင်းဖြစ်စေ၊ ခွဲခြားမှုမပြုဘဲ စည်းမျဉ်းများနှင့်အညီပံ့ပိုးဆောင်ရွက် ပေးရမည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများအတွက် လူသားချင်းစာနာထောက်ထားမှု ပံ့ပိုးခြင်းများအား အထူးသဖြင့်နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအကြောင်းပြချက်များအရဖြစ်စေလမ်းကြောင်းပြောင်းလွှဲအသုံး မပြုရ။

## စည်းမျဉ်း (၂၅)

၁။ ပြည်တွင်းအိုးအိမ်စွန့်ခွာရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ပံ့ပိုးမှုအခြေခံတာဝန်ဝတ္တရားများသည် နိုင်ငံအာဏာပိုင်အဖွဲ့အစည်းများအပေါ်၌ကျရောက် နေပါသည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများထောက်ပံ့ရာ၌ နိုင်ငံတကာလူသားချင်းစာနာသည့်အဖွဲ့အစည်းများနှင့် အခြားသင့်လျော်သည့်သူများ၌ ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးနိုင်ခွင့်ရှိပါသည်။ ဤပံ့ပိုးပေးမှု များကိုပြည်တွင်းရေး၌ ကြားဝင်နှောက်ယှက်သည့်မိတ်ဆွေမဆန်သောလုပ်ရပ်များအဖြစ်မသတ်မှတ်နိုင်ပါ။ မိတ်ဆွေကောင်းပီသမှုဟုထင်မြင်ရပါမည်။ နိုင်ငံတကာပံ့ပိုးသည့်အဖွဲ့များအား ဆင်ခြေကင်းမဲ့စွာခွင့်ပြုချက်မပေးခြင်းကို သက်ဆိုင်ရာအာဏာပိုင်တို့ဖက်က ဆင်ခြေကင်းမဲ့စွာနှင့်မလိုလားမှုမပြုရ။

၃။ သက်ဆိုင်ရာအာဏာပိုင်တို့သည် ပြည်တွင်းအိုးအိမ်မဲ့သူများအတွက် လူသားချင်းစာနာမှုအထောက်အပံ့များအား လွတ်လပ်စွာကူညီပေးနိုင်မှု ချောမွေ့ပြေပြစ်စွာဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးရပါမည်။

## စည်းမျဉ်း (၂၆)

လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာ၌ ပါဝင်သည့်ပုဂ္ဂိုလ်များအတွက် ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့်ထောက်ပံ့ပေးမှုများအားလေးစားရမည်။ အကာအကွယ်ပေးရမည်။ ယင်းတို့သည်တိုက်ခိုက်မှုပြစ်မှတ်မဖြစ်စေရ (သို့) အခြားနည်းအကြမ်းဖက်ဆက်ဆံမှုမခံစားစေရ။

## စည်းမျဉ်း (၂၇)

၁။ ထောက်ပံ့ကူညီမှုများပေးအပ်ရာ၌ နိုင်ငံတကာလူသားခြင်းစာနာသည့် အဖွဲ့အစည်းများနှင့် အခြားသင့်လျော်သူများသည် ပြည်တွင်းအိုးအိမ်မဲ့သူများ၏ လူ့အခွင့်အရေးနှင့်လိုအပ်ချက်များအပေါ် ကာကွယ်ရန်သင့်လျော်သည့်အလေးထားမှုများပြုရမည်။ ဤသို့ဆောင်ရွက်ရာ၌ယင်းပုဂ္ဂိုလ်များသည် ဆီလျော်သည့်နိုင်ငံတကာစံများနှင့်ရည်ညွှန်းပြုချက်များအားလေးစားကြရမည်။

၂။ မိမိ၏ထောက်ပံ့မှုလုပ်ဆောင်မှုအတွက်ခွင့်ပြု (သို့) မေတ္တာရပ်ခံခံရသောနိုင်ငံတကာအဖွဲ့ အစည်းများ၏လုပ်ဆောင်မှုအပေါ် နိုင်ငံတော်အစိုးရ၏ခွင့်ပြုမှုတို့မှာ အထက်ပါရေးသားထားသော စာပိုဒ်ပါအချက်နှင့်ဆန့်ကျင် သို့မဟုတ် ငြိစွန်းခြင်းမရှိ။

# အပိုင်း (၅)
# ပြန်လည်နေရာချထားမှုနှင့်စုစည်းမှုနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများ

## စည်းမျဉ်း (၂၈)

၁။ မိမိတို့ဆန္ဒဖြင့်ဖြစ်စေမိမိတို့၏ မွေးရာဇာတိနယ်မြေ/နေအိမ်များသို့ (သို့) နိုင်ငံ၏အခြားနယ် မြေသို့အခြေချသည်ဖြစ်စေ၊ ဂုဏ်သိက္ခာရှိစွာလုံခြုံဘေးကင်းစွာ ပြန်လည်နေထိုင်ရန်အခြေအနေများ ဖန်တီးပေးအပ်ရန်မှာ ဆောင်ရွက်နိုင်စွမ်းရှိသည့်အာဏာပိုင်တို့၏ အခြေခံတာဝန်ဝတ္တရားများပင်ဖြစ်ကြသည်။ ဤအာဏာပိုင်တို့ကပြန်လည်နေထိုင်ကြမည့် ပြည်တွင်းအိုးအိမ်မဲ့သူများ ပြန်လည်စုစည်းနေထိုင်နိုင်မှုအား ပြေပြစ်ချောမောစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။

၂။ ပြည်တွင်းအိုးအိမ်မဲ့သူများ ပြန်လည်စုစည်းနေထိုင်မှု ပြန်လည်ဝင်ရောက်အခြေချနေထိုင်မှုအစီအစဉ်များနှင့် စီမံမှုများ၌ ယင်းတို့ကိုယ်တိုင်အပြည့်အဝပါဝင်ဆောင်ရွက်နိုင်စေရန် အထူးဆောင်ရွက်ပေးမှုများပြုလုပ်ပေးရမည်။

## စည်းမျဉ်း (၂၉)

၁။ မိမိတို့၏မွေးရာဇာတိနယ်သို့ပြန်လာသည့် (သို့) နိုင်ငံ၏အခြားအရပ်သို့ပြောင်းရွှေ့သွားသည့် ပြည်တွင်းအိုးအိမ်မဲ့သူများအား ယင်းတို့၏အိုးအိမ်စွန့်ခွာရမှုအပေါ် ခွဲခြားဆက်ဆံမှုမပြုရပါ။ မည်သည့်အဆင့်၌ဖြစ်စေ၊ လူထုလှုပ်ရှားဆောင်ရွက်မှုများ၌ အပြည့်အဝနှင့်တန်းတူပါဝင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွင်း၌လည်း တန်းတူပါဝင်ဆောင်ရွက်ခွင့်ရှိကြသည်။

၂။ ဆောင်ရွက်နိုင်စွမ်းရှိသည့် အာဏာပိုင်များအနေဖြင့် အိုးအိမ်စွန့်ခွာရသူတို့ကျန်ရစ်ခဲ့သည့်ပစ္စည်းများ (သို့) အိုးအိမ်စွန့်ခွာရသဖြင့်ပိုင်ဆိုင်ခွင့်မရှိဖြစ်ခဲ့ကြရသည့်ပစ္စည်းဥစ္စာများအားပြန်လည်ပေးရန် တာဝန်ဝတ္တရားများရှိကြပါသည်။ ဤပစ္စည်းဥစ္စာများပြန်လည်ရရှိရန်မဖြစ်နိုင်သည့် အခါအဆိုပါပုဂ္ဂိုလ်များအားသင့်လျော်သည့်ကုဏာကြေး (သို့) လျော်ကြေးများပေးအပ်ရန်တာဝန်မှာ အာဏာပိုင်များ၏တာဝန်ဖြစ်သည်။

## စည်းမျဉ်း (၃၀)

နိုင်ငံတကာလူသားချင်းစာနာသည့် အဖွဲ့အစည်းများနှင့် အခြားဆောင်ရွက်ပေးသူများ၏လေးစားမှုယ်ဆောင်ရွက်ခွင့်ရရှိမှုများကြောင့် ဌာနေသို့ပြန်လည်အခြေချနေထိုင်သူများအားအထောက်အပံ့ပြုပေးနိုင်မှုများအပေါ် တားဆီးပိတ်ပင်မှုများမပြုဘဲ လျင်မြန်ပြေပြစ်ချောမောစွာဆောင်ရွက်ပေးမှုအား သက်ဆိုင်ရာအာဏာပိုင်များအားလုံးကခွင့်ပြုပေးကြရမည်ဖြစ်ပါသည်။